# SIREN field report

**STRATEGIC INFORMATION RESPONSE NETWORK**

**မဲခေါင်မြစ်ဝှမ်းဒေသအတွင်းလူကုန်ကူးခြင်းကိုတိုက်ဖျက်သည့်ကုလသမဂ္ဂအစီအစဉ် (UNIAP): Phase III**

**ဘန်ကောက်၊ ထိုင်းနိုင်ငံ။**

၂၀၀၇ ခုနှစ် ဇွန်လ ၂၅ ရက် | TH-01

# အဆင်ပြေအောင်ပံ့ပိုးခြင်းမှသည် လူကုန်ကူးခြင်းဆီသို့ ထိုင်းနိုင်ငံ၊ စမုစခွန်ဒေသမှ လူပွဲစားများနှင့် အေးဂျင့်များ

| | |
|---|---|
| **အဓိကအကြောင်းအရာ** | ▪ **တည်နေရာ**-စမုစခွန်၊ ထိုင်းနိုင်ငံ<br>▪ **ခေါင်းစဉ်**-အလုပ်သမားစုဆောင်းခြင်း၊လုပ်အားခေါင်းပုံဖြတ်ခြင်း<br>▪ **ဆန်းစစ်မှုပုံစံ**-အခြေအနေလေ့လာအကဲဖြတ်ခြင်း |
| **အကျဉ်းချုပ်** | ကြွေးဖြင့်ချည်နှောင်ခြင်း၊ တစ်ဆင့်ခံစာချုပ်ချုပ်ခြင်းအားဖြင့် ရပ်တည်ရန်ခက်ခဲနေသောရွှေ့ပြောင်းလုပ်သားများမှာ ပွဲစားများလက်ဝယ် ထိန်းချုပ်ခံကြရသည်။ |
| **ရေးသားသူ** | LPN เครือข่ายส่งเสริมคุณภาพชีวิตแรงงาน Labour Rights Promotion Network |

ထိုင်းနိုင်ငံရှိ စမုစခွန်ဒေသသည် ရွှေ့ပြောင်းအလုပ်သမားများ၊ အထူးသဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အဓိကခရီးလမ်းဆုံးနေရာဖြစ်သည်။ မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် အများစုမှာ တရားမဝင်ပွဲစားများ၏ အကူအညီဖြင့် ထိုင်းနိုင်ငံဘက်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းဖြစ်သည်။



မိသားစုဝင်၊ မိတ်ဆွေ (သို့) သူစိမ်းတစ်ဦးဦးကပွဲစားအနေနှင့်အဆင်ပြေအောင်ပံ့ပိုးပေးသူ၊ ခေါင်းပုံဖြတ်သူ (သို့) လူကုန်ကူးအဖြစ် ဆောင်ရွက်နိုင်သည်။ တစ်ခါတစ်ရံ ပွဲစားများက အလုပ်ရှင်အချို့၏ လက်အောက်ခံ ကန်ထရိုက်တာများအဖြစ် ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်အကိုင်ရှာဖွေစီစဉ်ပေးပြီး အလုပ်လုပ်ကိုင်ရသည့်နေရာတွင် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုရှိသော (သို့) အလွန်အန္တရာယ်များသော အလုပ်များကိုလုပ်ကိုင်ရသည့် အခြေအနေများရှိလျှင်ပင် ယင်း“ဝန်ဆောင်မှုလုပ်ငန်း” အားလုံးအတွက် ရွှေ့ပြောင်းအလုပ်သမားများက ပွဲစား

များအား အခကြေးငွေပေးကြရသည်။ ထို့ကြောင့်ပင် ယင်းသို့သော ရွှေ့ပြောင်းအလုပ်သမားများမှာ လူကုန်ကူးခံရသူများ ဖြစ်ကြရသည်။[၁]

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလအတွင်း Ranya Paew ပင်လယ်စာစည်သွပ်စက်ရုံသို့ ဝင်ရောက်စီးနင်းရာမှ စမုစခွန်ဒေသမှ လုပ်အားခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးသော ဖြစ်စဉ်တစ်ခုကိုဖော်ထုတ်နိုင်ခဲ့သည်။ ယင်းစက်ရုံမှ အလုပ်သမား (၆၆) ဦးအား လူကုန်ကူးခံရသူများအဖြစ် အစိုးရ စောင့်ရှောက်ရေးဂေဟာတစ်ခုသို့ ခေါ်ဆောင်လာခဲ့သော်လည်း စက်ရုံမှာ ဆက်လက်လည်ပတ်နေဆဲဖြစ်သည်။ ၂၀၀၇ခုနှစ်၊ ဧပြီလမှမေလအတွင်း စက်ရုံ၌ထပ်မံ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ အချို့ပွဲစားများမှာ အလုပ်သမားများအား လိမ်ညာခဲ့ပြီး အဆိုပါအမှုတွင်ကြံ့ရာပါဖြစ်ကြောင်း အထင်အရှားတွေ့မြင်ခဲ့ရသည်။

## အဓိကတွေ့ရှိချက်များ

၂၀၀၇ ခုနှစ်၊ ဇွန်လအထိပြုလုပ်သည့်သုသေသနပြုစုံစမ်းချက်များအရ အောက်ပါတို့ကို သိရှိရပါသည်။

- ထိုင်းနိုင်ငံ စမုစခွန်ဒေသနှင့်အနီးတဝိုက်ဒေသများတွင် မြန်မာနိုင်ငံမှရွှေ့ပြောင်းအလုပ်သမားများအား ကြွေးဖြင့်ချည်နှောင်ခြင်းနှင့် တာဝန်ခံခြင်းမရှိသော တစ်ဆင့်ခံစာချုပ်ချုပ်ဆိုကာ အမြတ်ထုတ်ခြင်းတို့အားဖြင့် စနစ်တကျခေါင်းပုံဖြတ်လျက်ရှိပါသည်။
- စမုစခွန်ဒေသတွင်အလုပ်လုပ်ကိုင်လိုသော မှတ်ပုံတင်ထားသည့် အလုပ်သမားများရော မှတ်ပုံတင်မထားသည့်အလုပ်သမားများကိုပါ အလုပ်အကိုင်ရှာဖွေပေးခြင်းဖြင့် ပွဲစားများ၊ အလုပ်ရှင်များနှင့် အချို့တရားဥပဒေစိုးမိုးရေးအာဏာပိုင်များပူးပေါင်း၍ ငွေကြေးအားဖြင့် အမြတ်ထုတ်လျက်ရှိကြသည်။ လုပ်အားခနည်းအလုပ်သမား များစွာလိုအပ်နေသည့် ထိုင်းနိုင်ငံ၏အလုပ်သမားဈေးကွက်ကိုဖြည့်စည်းပေးရန်အတွက်မြန်မာနိုင်ငံဘက်မှ လိုလိုလားလား ဝင်ရောက်လာသည့် တရားမဝင်အလုပ်သမားများစွာရှိနေခြင်းကလည်း တရားမဝင်ပွဲစားများအား သြဇာတန်ခိုးအာဏာရှိသည့် အနေအထားရောက်ရှိစေခြင်း၏အကြောင်းအရင်းတစ်ခု ဖြစ်သည်။
- စမုစခွန်ဒေသရှိရွှေ့ပြောင်းအလုပ်သမားများမှာ ၎င်းတို့၏အခွင့်အရေးများ နှင့်/သို့မဟုတ် တရားမျှတမှုရရှိရေး ဆောင်ရွက်နိုင်မှုတို့နှင့်ပတ်သက်၍ ဗဟုသုတနည်းပါးကြပြီး အများအားဖြင့် ဒေသခံဘာသာစကား တတ်ကျွမ်းခြင်းမရှိကြသောကြောင့် ရပ်တည်ရန်ခက်ခဲကြသည်။ နေရင်းဒေသတွင် ၎င်းတို့၏ ပြဿနာများအား ဖြေရှင်းပေးနိုင်သည့် အခြေအနေနည်းပါးပြီး အလုပ်အကိုင်ရှာဖွေရေးနှင့် ဘဝတည်ငြိမ်ရေးတို့အတွက် ရွေးချယ်စရာအခွင့်အလမ်းလည်း ရှားပါးကြသည်။ သက်ဆိုင်ရာ **NGO** များနှင့် ရပ်ကွက်ကျေးရွာအုပ်စုများလက်လှမ်းမမီသော နေရာများ၌ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်ပေးသည့်အစီအစဉ်များမှာလည်း နည်းပါးလှသည်။

[၁] Ranya Paew မှစက်ရုံမှအလုပ်သမားများအား တွေ့ဆုံမေးမြန်းရာ တမင်ရည်ရွယ်၍လိမ်လည်သော ပွဲစားလုပ်ငန်းများ ရှိကြောင်းဖော်ပြနေသည်

**စမုစခွန်ဒေသ၏ ကြွယ်ဝသော စီးပွားရေးလုပ်ငန်းသည် လူကုန်ကူးခံရသူများအပါအဝင် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံရှိ ပိုမိုဆင်းရဲသောဒေသများမှ စျေးပေါသော ရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်အားအပေါ် မှီခိုနေသည်။**

စမုစခွန်ဒေသသည် လုပ်အားအများအပြား လိုအပ်သော လုပ်ငန်းများပေါများခြင်းကြောင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် အဓိကခရီးလမ်းဆုံးဒေသဖြစ်နေရခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၏အချမ်းသာဆုံးဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် စမုစခွန်ဒေသသည် ပင်လယ်စာ စည်သွပ်လုပ်ငန်း၏ ဗဟိုဒေသကြီးဖြစ်ပြီး အလုပ်သမားအများစုမှာ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံမြောက်ပိုင်းနှင့်အရှေ့မြောက်ပိုင်းတို့မှဖြစ်ကြသည်။ မြန်မာနိုင်ငံမှ လာသူများအနက် (၅၀)%မှာ မွန်လူမျိုး၊ (၃၀)%မှာ မြန်မာလူမျိုး၊ (၁၀)%မှာ ကရင်နှင့် ကျန်(၁၀)%မှာ အခြားတိုင်းရင်းသားများဖြစ်ကြသည်။[၂] အလုပ်သွားရောက်လုပ်ကိုင်လိုသူများနှင့် အလုပ်ရှာဖွေလိုသူများအတွက် မြန်မာနိုင်ငံမှထိုင်းနိုင်ငံဘက်သို့ပို့ဆောင်ရန် ဗဟုသုတရှိသူများနှင့် အဆက်အသွယ်ရှိသူများမှာ အလွန်လိုအပ်နေပြီး အပြန်အလှန်အားဖြင့် ၎င်းတို့မှတစ်ဆင့် အလွန်လိုအပ်နေသော စျေးပေါပြီးကျွမ်းကျင်မှုမရှိသည့် အလုပ်သမားများကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

## စမုစခွန်ဒေသမှ ပွဲစားလုပ်ငန်းအဆင့်ဆင့်



**အဆင်ပြေအောင်ပံ့ပိုးခြင်း ⟷ ခေါင်းပုံဖြတ်ခြင်း ⟷ လူကုန်ကူးခြင်း**

*ထိုင်းနိုင်ငံ၏အခြားဒေသများတွင်ကဲ့သို့ စမုစခွန်ဒေသရှိ အလုပ်သမားများအား ပို့ဆောင်ရေးနှင့် ခေါင်းပုံဖြတ်ရေးတို့ကို ပွဲစားအချို့က ကူညီဆောင်ရွက်ပေးကြသည်။ အချို့ပွဲစားများမှာ အခကြေးငွေများ ခေါင်းပုံဖြတ်တောင်းဆိုသည်။ သို့မဟုတ် လူကုန်ကူးမှုအဆင့်ထိမရောက်သည့်တိုင် အတိုင်းအတာတစ်ခုထိခေါင်းပုံဖြတ်သည့်အခြေအနေရှိသောအလုပ်အကိုင်အတွင် နေရာချပေးသည်မှာ အထက်တွင်ဖော်ပြထားသည့်ပုံအတိုင်း ဖြစ်သည်။*

---

[၂] LPN ၏အဆိုအရ မြန်မာနိုင်ငံမှလာသော တိုင်းရင်းသား လူမျိုးစု ခန့်မှန်းခြေဖြစ်သည်။ ထိုင်းအစိုးရ၏ မှတ်ပုံတင်ထားသောကိန်းဂဏန်းများက မြန်မာ၊ လာအို နှင့် ကမ္ဘောဒီးယား နိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများ၏ အချိုးအစားကိုဖော်ပြနေသည်။

## စမုစခွန်ဒေသရှိ မြန်မာအလုပ်သမားများ၏ ၈၀-၉၀% မှာ ကြွေးဖြင့်ချည်နှောင်ခြင်းခံထားရသည်ဟုခန့်မှန်းရသည်။[၄]

စမုစခွန်ဒေသတွင် မှတ်ပုံတင်ထားသော မြန်မာလုပ်သမား (၇၀၀၀၀)ခန့်ရှိပြီး စုစုပေါင်း မြန်မာအလုပ်သမားအရေအတွက်မှာ (၁၆၀၀၀၀) မှ (၂၀၀၀၀၀) ထိ ရှိမည်ဟုခန့်မှန်းရသည်။[၅] မှတ်ပုံတင်ထားခြင်းမရှိသော အလုပ်သမားများ၏အရည်အတွက်၊ အချိုးအစားမြင့်မားရခြင်းတွင် တရားဝင်အနေအထားရရှိရေး ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများမရှိခြင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့်ပါဝင်သည်။ (ကာလတို အတွက်သာဖွင့်ပေးပြီး မှတ်ပုံတင်ထားပြီးသူများကိုပါ မကြာသေးမီက ကန့်သတ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။) မှတ်ပုံတင်ကြေးမှာလည်း ဘတ်ငွေ (၃၈၀၀)ထိ ကုန်ကျလေ့ရှိသည်။ ဒေသ၏နေကြွယ်ဝမှုမှာ လုပ်ငန်းခွင်မှအလုပ်သမားများ၏ အခွင့်အရေးကိုခိုင်ခိုင်မာမာ ကာကွယ်ပေးခြင်းမရှိပါ။ အလုပ်သမားများသည် တရားရေးစနစ်နှင့် မည်သို့ဆက်သွယ်ဆောင်ရွက်ရမည်၊ ၎င်းတို့၏အခြေခံအခွင့်အရေးများကို မည်သို့ရရှိနိုင်ကြောင်း မသိနားမလည်ခြင်းကြောင့် မသမာသူပွဲစားများ၊ အလုပ်ရှင်များ၏ ခေါင်းပုံဖြတ်မှုကို ခံကြရသည်။ ၂၀၀၄ ခုနှစ်အတွင်း လက်ရှိစနစ်စတင်သည့်အချိန်မှစ၍ မှတ်ပုံတင်ထားသော အလုပ်သမားအရည်အတွက်လျော့နည်းလာပြီး စမုစခွန်ဒေသသို့ မြန်မာအလုပ်သမားများ ဝင်ရောက်မှုမှာများပြားလာလျက်ရှိသည်။ မှတ်ပုံတင်စနစ်မှာ ရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံတွင်းဝင်ရောက်မှု၏ အချိုးအစားအနည်းငယ်ကိုမှတ်ပုံတင်နိုင်ရေးတွင်သာ တိုးတက်လာစေနိုင်ခဲ့ကြောင်း ထိုအချက်ကပြနေသည်။[၆]

ထိုင်းနှင့်မြန်မာဘက်မှပွဲစားများမှာ ကွန်ရက်ဖြင့် လှူပ်ရှားဆောင်ရွက်ကြပြီး အလုပ်ရှင်များ အချို့သောတရားဥပဒေစိုးမိုးရေးအရာရှိများနှင့် ပူးပေါင်းဆောင်ရွက်နေကြကြောင်းကိုလည်းတွေ့ရသည်။ ၂၀၀၇ မေလ အတွင်း အလုပ်သမားနှင့်ပွဲစားများအား တွေ့ဆုံမေးမြန်းချက်များအရ မြန်မာပွဲစားများက ရွှေ့ပြောင်းအလုပ်သမားများအား နယ်စပ်ထိ ပို့ဆောင်ပေးပြီး ထိုင်းပွဲစားများက ၎င်းတို့အား ထိုင်းနိုင်ငံဘက်မှ လက်ခံရယူခြင်းဖြစ်သည်။ ၎င်းအလုပ်သမားများအား ထိုင်းပွဲစားများက အလုပ်ခွင် (သို့) နောက်ပွဲစားတစ်ယောက်နှင့်ချိတ်ဆက်ပြီး အလုပ်ရှာနိုင်ရန် စမုစခွန်ကဲ့သို့သော ခရီးဆုံးဒေသသို့ ပို့ဆောင်ကြသည်။ အချို့ရွှေ့ပြောင်းအလုပ်သမားများမှာ ခရီးမစတင်မီ အခကြေးငွေပေးကြပြီး အချို့မှာ ကတိကဝတ်ပြုချက်အရ အလုပ်လုပ်ပြီးမှ ပို့ဆောင်ရေးစရိတ်နှင့် အလုပ်အကိုင် ရှာဖွေကြေးတို့ပေးရန် နားလည်မှု ယူထားကြသည်။

ပွဲစားများက အလုပ်သမားများစုဆောင်းရာတွင် ပို့ဆောင်ရေးစရိတ်စကအဖြစ် ဘတ်ငွေ (၉၀၀၀)မှ (၁၉၀၀၀) ထိ ကုန်ကျပြီး ယင်းစရိတ်မှာ အလုပ်လုပ်ပြီး ပထမလအနည်းငယ်အတွင်း ကျေသွားလိမ့်မည်ဟုပွဲစားများမှပြောကြားလေ့ရှိသည်။ သို့သော်အလုပ်ရှင်က ဝယ်ယူခြင်းခံထားရ

---

[၄] LPN ၏အဆိုအရ ၈၀ မှ ၉၀% ရှိသည်။

[၅] ၁၆၀၀၀၀ မှာ စမုစခွန်တွင် ပြုလုပ်ခဲ့သောအစည်းအဝေးတစ်ခု၌ ထိုင်းအစိုးရ၏ဖော်ပြချက်ဖြစ်ပြီး ဒေသခံအဖွဲ့အစည်းများကမူ လက်ရှိအမှန်ထက်လျော့နည်းနေသည်ဟုယူဆကြသည်။ စမုစခွန်အခြေစိုက် Labor rights organization ကမူ ဒေသအတွင်းတွင် မြန်မာအလုပ်သမား ၂၀၀၀၀၀ ရှိသည်ဟု ခန့်မှန်းသည်။

[၆] ရွှေ့ပြောင်းအလုပ်သမားများ မှန်မှန်ကြီးဆက်လက်ရောက်ရှိနေကြောင်း အလုပ်သမားများနှင့် ပွဲစားများက ဆိုသည်။

သောအလုပ်သမားများ အနေနှင့် ခရီးဆုံးဒေသသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ၎င်းတို့ အလုပ်ခွင်သို့ပေးရမည့် အခကြေးငွေမှာ ပွဲစားကပြောထားသည့်ပမာဏထက် သိသိသာသာပိုမိုများပြားနေသည်ကို သိရှိလာရသည်။[၆]

**အလုပ်ရှင်နှင့်ပွဲစားများအကြား တစ်ဆင့်ခံစာချုပ်ချုပ်ဆိုထားမှုကြောင့် တာဝန်ဝတ္တရားခွဲဝေမှုတွင် မရေမရာဖြစ်စေပြီး အလုပ်သမားများအား ခေါင်းပုံဖြတ်ခံရစေမည့်ပိုမိုကြီးမားသော ရပ်တည်ရန်ခက်ခဲမှုကိုဖြစ်လာစေသည်။**

စမုစခွန်ဒေသရှိ ပွဲစားအချို့မှာ ဈေးပေါသော အလုပ်သမားများ လိုသလောက်ရရှိရေးအတွက် အလုပ်ရှင်များနှင့် ပူးပေါင်းလုပ်ကိုင်ကြသည်။ ၎င်းတို့သည် အရာရှိအချို့နှင့်လည်း ချိတ်ဆက်ထားခြင်းကြောင့် အလုပ်သမားတို့၏ အခွင့်အရေးချိုးဖေါက်ခံရလျှင်ပင် အနည်းငယ်သာ အရေးယူဆောင်ရွက်ပေးကြသည်။ မကြာသေးမီနှစ်များအတွင်း ယင်းသို့သောအခြေအနေ ပေါ်ပေါက်နေပြီး လုပ်နည်းလုပ်ဟန်တို့မှာ ပိုမိုရှုပ်ထွေးလာလျက်ရှိသည်။

ပွဲစားများတွင်တစ်ဆင့်ခံစာချုပ်ဖြင့်လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍လမ်းကြောင်းတစ်ခုရှိသည်။ အလုပ်ရှင်များအနေနှင့် အလုပ်သမားများ၏ခံစားခွင့်နှင့်ပတ်သက်သည့် တာဝန်အားလုံးကို ပွဲစားထံသို့ လွှဲလေ့ရှိသည်။ ယင်းသို့ဆောင်ရွက်နေသောပွဲစားအချို့မှာအလုပ်ရှင်တစ်ဦးတည်းနှင့်သာ ပူးတွဲဆောင်ရွက်လေ့ရှိပြီး ယင်းပွဲစားများ၏တာဝန်ယူမှုအောက်တွင် အလုပ်သမားများစွာရှိတတ်သည်။ အခြားပွဲစားများမှာ စက်ရုံအသီးသီးသို့ အလုပ်သမားများပေးပို့ရသည်။ ပွဲစားနှင့်အလုပ်ရှင်တို့က တာဝန်မခံခြင်းကြောင့် ယင်းသို့တရားမဝင်စီစဉ်ပေးခြင်းမှာ ပွဲစားနှင့်အလုပ်ရှင်တို့အတွက် အကျိုးရှိသည်။ တစ်ဆင့်ခံစာချုပ်ဖြင့် လုပ်ကိုင်ရာတွင် ပွဲစားက အလုပ်သမားများ ထိုင်းအစိုးရထံတွင် မှတ်ပုံတင်ခြင်း၊ အလုပ်ပါမစ်နှင့် ကျန်းမာရေးအာမခံစီစဉ်ပေးခြင်းတို့ကိုတာဝန်ယူရသည်။ အလုပ်သမားများအနေနှင့် ၎င်းတို့၏လိုအပ်ချက်များနှင့် လုပ်နည်းလုပ်ဟန်တို့ကို မသိနားမလည်ခြင်းကြောင့် မိမိတို့ကသာ ဝန်ဆောင်မှုပေးမည်ဟု ပွဲစားများနှင့်အလုပ်ရှင်များက ပြောလေ့ရှိသည်။ သို့သော်ပွဲစားများက အမှန်တကယ်ဆောင်ရွက်ပေးခြင်းမရှိသော ဝန်ဆောင်မှုများအတွက် အလုပ်သမားများထံမှ အခကြေးငွေ တောင်းဆိုမှုများလည်းရှိသည်။ အလုပ်သမားတစ်ဦး ဆေးကုသမှုလိုအပ်၍ ဆေးရုံတစ်ခုသို့သွားရောက်ရာ ပွဲစားစီစဉ်ပေးခဲ့သော ကျန်းမာရေးအာမခံ စာရွက်စာတမ်းများမှာ အတုများဖြစ်နေသည်ကိုတွေ့ရသည်။ ဆေးစစ်မှုအတွက် ဘတ်ငွေ(၆၀၀)လက်ခံထားသော်လည်း အလုပ်သမားတစ်ဦးချင်းထံမှ ရယူထားသော အာမခံကြေး ဘတ်(၁၃၀၀)ကို ဆေးရုံသို့မပေးခဲ့ပေ။[၇]

---

[၆] ကုန်ကျစရိတ်မှာ ပို့ဆောင်ရေးအတွက် ၅၀၀၀၊ မှတ်ပုံတင်ခြင်းဆိုင်ရာအတွက် ၃၈၀၀ မှစတင်လေ့ရှိပြီး နယ်စပ်ဖြတ်ကျော်သည့်နေရာ (ရနောင်း၊ ဆန်းကလားဘုရိ (သို့) မဲဆောက်) ပေါ်တွင်မူတည်၍ခြားနားသည်။

[၇] တစ်ဆင့်ခံစာချုပ်ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ အလုပ်သမားများ၊ ပွဲစားများနှင့်တွေ့ဆုံမေးမြန်းထားသော LPN ၏အသေးစိတ်အချက်အလက်များဖြစ်သည်။ ကျန်းမာရေးအာမခံအတု အမှုကို အဖွဲ့အစည်းသို့တင်ပြခဲ့ပြီး ထိုပွဲစားက လိုအပ်သောဆေးစစ်မှုများပြုလုပ်ရန်အတွက် ကနဦးခေါ်ဆောင်လာခဲ့သော အလုပ်သမားဦးရေကိုလည်း သတင်းပေးပို့သူကတင်ပြခဲ့သည်။

ပွဲစားများနှင့်အလုပ်ရှင်များသည် အလုပ်သမားများကို အလုပ်ရှင်မပြောင်းနိုင်ရန်အတွက် သူတို့၏ မူရင်းစာရွက်စာတမ်းများကို သိမ်းဆည်းထားခြင်းအားဖြင့် အလုပ်သမားများအား ထိမ်းချုပ်မှုကို တင်းကြပ်နိုင်သေးသည်။ အလုပ်သမားများအနေနှင့် စာရွက်စာတမ်းများကို အချိန်ပြည့် ကိုင်ဆောင်ထားခြင်းမရှိက တရားမဝင်ပေ။ လမ်းပေါ်တွင် တားဆီးစစ်ဆေးမှုများ ပြုလုပ်သည့်အခါ ယင်းသို့သော အလုပ်သမားများမှာ ထိုင်းရဲတပ်ဖွဲ့၏ ဖမ်းဆီးမှုကို ကြုံကြရသည်။ ထို့ကြောင့် အလုပ်သမားများမှာ လွတ်လွတ်လပ်လပ်သွားလာပိုင်ခွင့်အကန့်အသတ်များစွာရှိလာသည်။




ပွဲစားများကျင့်သုံးလေ့ရှိသည့်နည်းလမ်းမှာ အလုပ်သမားများအား အလုပ်ရှင်ပြောင်းခြင်းမှ တားဆီးခြင်းနှင့် ခေါင်းပုံဖြတ်ခံရသည့် အလုပ်သမားများ၏ အကာအကွယ်၊ အကူအညီတောင်းခံလာမှုများကို ငြင်းပယ်ခြင်းတို့ဖြစ်သည်။ ထိုသို့သောအနေအထားတွင် အလုပ်သမားများအနေနှင့် အလုပ်ပြောင်းပါက ရဲကဖမ်းဆီးအကျဉ်းချခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းပြုလုပ်မည်ဟု ပွဲစားများက ခြိမ်းခြောက်လေ့ရှိသည်။ ၂၀၀၆ ခုနှစ် အစောပိုင်းအမှုတစ်ခုတွင်စက်ရုံတစ်ရုံမှ အလုပ်သမား (၂၀) တို့မှာ စက်ရုံမှထွက်ခွာလိုကြောင်း ပွဲစားအား မေတ္တာရပ်ခံသည့်အခါ ယင်းပွဲစားက ရဲကိုဆက်သွယ်၍ အလုပ်သမားများအား ပြည်နှင်ဒဏ်ပေးစေခဲ့သည်။ အချို့အမှုများတွင်မူ အလုပ်ရှင်ပြောင်းလိုသောအလုပ်သမားများ၏ စာရွက်စာတမ်းများအား ပြန်မပေးသည့်အတွက် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင်ဆက်လက်နေရသည် (သို့) တရားမဝင်အလုပ်သမားများဖြစ်လာရသည်။ [၈]

[၈] LPN ထံမှအမှုဖြစ်သည်။ အခြားသူအများအပြားမှာမဖြေရှင်းနိုင်ကြ (သို့) အလုပ်သမားများသည် အထောက်အထားစာရွက် စာတမ်းများမပါဘဲ လုပ်ငန်းခွင်မှ ထွက်သွားခဲ့ကြသည်။

## စမုစခွန်ဒေသမှပွဲစားများ၏အခန်းကဏ္ဍများ




*ပုံစံ (က) သည် အလုပ်ရှင်များ၏ တစ်ဆင့်ခံစာချုပ်ချုပ်ဆိုထားသော ကိုယ်စားလှယ်များအဖြစ် အဓိကဆောင်ရွက်ပြီး အလုပ်သမားများနှင့်ပတ်သက်သော အစီအစဉ်အားလုံးကို ကိုင်တွယ်ထိန်းချုပ်ကာ အပေါ်ယံသဘော တာဝန်ယူထားသော ပွဲစားများ၏ ပုံစံကိုပြသည်။ ပုံစံ (ခ) မှာ ပွဲစားများကပိုမို၍ အလုပ်သမားအကျိုးကိုဦးတည်သည့်ဝန်ဆောင်မှုပေးသူများအဖြစ် ဆောင်ရွက်ပြီး အခကြေးငွေရယူကာ အလွန်လိုအပ်သည့် ဝန်ဆောင်မှုအမျိုးမျိုးကိုပေးသည်။ အဆိုပါ ပွဲစား(၂)မျိုးလုံးမှာ အလုပ်သမားများ၏ခံစားခွင့်အပေါ် အလွန်အာဏာ ရှိသူများ ဖြစ်ကြသည်။*

**မြန်မာအလုပ်သမားများအနေနှင့် မကျေမနပ်ဖြစ်မှုကိုဖော်ပြခြင်း၏ အကျိုးဆက်အဖြစ် ဖြစ်လာနိုင်သည်မှာ ပွဲစားကရဲကိုအကြောင်းကြားပြီးနောက် ပြည်နှင်ခံရခြင်း (သို့) အခြေအနေပိုမိုဆိုးသော အခြားစက်ရုံသို့ အရွှေ့ခံရခြင်း တို့ပင်ဖြစ်သည်။[၉]**

အလုပ်သမားတစ်ဦးအနေနှင့်လုပ်ငန်းခွင်မှ စွန့်ခွာလိုပါက အလုပ်ရှင်ထံမှ လွတ်မြောက်ခွင့်ရရန် ပွဲစားတစ်ဦးအား ပိုက်ဆံပေးရမည်ဖြစ်သည်။ သို့သော်ကုန်ကျစရိတ်အလွန်များသည့်အတွက် ကြေးမြီများစွာတင်ကာ ပိုမိုရပ်တည်ရန်ခက်ခဲလာ၍ ပွဲစားအပေါ်ပိုမိုမှီခိုလာရသည်။ ပွဲစားများသည် မှတ်ပုံတင်ထားခြင်းမရှိသော ရွှေ့ပြောင်းလုပ်သားများအနေနှင့် ဒေသအတွင်းဆက်လက်

[၉] ပွဲစားများထံမှလည်းကောင်း၊ LPN သို့ပေးပို့လာ၍လည်းကောင်းရရှိသောအထောက်အထားများပေါ်တွင် အခြေခံထားသည်။

နေနိုင်ရန် ရဲအားငွေပေးခြင်းအားဖြင့် ရဲနှင့်အလုပ်သမားများအကြား ပွဲစားအဖြစ် ဆောင်ရွက်သည်လည်းရှိသည်။[10] လမ်းပေါ်တွင်အလုပ်သမားများ၏ စာရွက်စာတမ်းများအား တားဆီးစစ်ဆေးသည့်အခါတွင်ဖြစ်စေ (သို့) ပွဲတော်ကာလများတွင် စုပေါင်းတွေ့ဆုံခြင်းတို့ ပြုလုပ်သည့်အခါတွင်ဖြစ်စေ နိုင်ငံတွင်းဆက်လက်နေခွင့်ရရေးအတွက် ရဲအားအခကြေးငွေပေးရန် ပွဲစားက ညှိနှိုင်းပေးရသည်။ ဤသို့ဆောင်ရွက်ပေးရသည့်အတွက် ပွဲစားကိုလည်းဝန်ဆောင်ခပေးရမည်ဖြစ်သည်။

ဤဆန်းစစ်ချက်သည် အလုပ်သမားများအား ခေါင်းပုံဖြတ်ပြီး လူကုန်ကူးမှု အနေအထားသို့ ရောက်စေသည့်ပွဲစားများအပေါ်အာရုံစိုက်ထားသည်။ မိမိတို့မွေးရပ်ဒေသမှ အလုပ်သမားများ အလုပ်အကိုင် အခွင့်အလမ်း ရှာဖွေရာတွင် ရိုးရိုးသားသား ကူညီဆောင်ရွက်လိုစိတ်ရှိသော ပွဲစားများလည်းရှိသည်။ ယင်းသို့သောပွဲစားများမှာ မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ မိသားစုများထံသို့ ငွေလွှဲစာများပေးပို့ရာတွင် ကူညီဆောင်ရွက်ပေး၍ အလုပ်သမားများအနေနှင့် အလုပ်ရှင်ပြောင်းလိုခြင်း (သို့) ဆေးကုသမှုခံယူလိုခြင်းကဲ့သို့သော ပြဿနာများဖြစ်ပေါ်လာပါကလည်း ကူညီဖြေရှင်းပေးလေ့ရှိသည်။ သို့သော်အလုပ်သမားများ၏ မိမိတို့၏အခွင့်အရေးကို မသိနားမလည်မှု၊ ဒေသခံဘာသာစကား မတတ်ကျွမ်းမှုတို့ကို ပွဲစားအချို့က အခွင့်အရေးယူအမြတ်ထုတ်ကြသည်။ အချုပ်ဆိုရသော် တရားမဝင်ပွဲစားများမှာ အလွန်အာဏာရှိသောအနေအထားမျိုးပိုင်ဆိုင်ထားပြီး လုပ်ငန်းစဉ်တစ်လျှောက် ငွေကြေးအရ အကျိုးအမြတ်ရရှိကာ အလုပ်သမားများအား ကြီးမားစွာ ကူညီနိုင်သော(သို့) ကြီးမားစွာအန္တရာယ်ပြုနိုင်ပါသည်။

**အကြံပြုချက်များ**

| | **တွေ့ရှိချက်** | အကြံပြုချက် |
|---|---|---|
| ၁ | စမုစခွန်ဒေသရှိ လုပ်အားအတွက် ခေါင်းပုံဖြတ်မှု၊ လူကုန်ကူးမှုတို့ကိုကျေနပ်စရာကောင်းလောက်အောင် ကိုင်တွယ်ဖြေရှင်းမှုမရှိပါ။ | ရွှေ့ပြောင်းအလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှု၊ အနိုင်ကျင့်နှိပ်စက်မှုတို့မှ အကာအကွယ်ပေးနိုင်ရန် အလုပ်သမားဥပဒေများရေးဆွဲပြဋ္ဌာန်းရန်။ |
| ၂ | ရွှေ့ပြောင်းအလုပ်သမားများ အနေနှင့် ၎င်းတို့၏အခွင့်အရေးများနှင့် တရားမျှတမှုကိုရအောင် မည်သို့ဆောင်ရွက်ရမည်ကို မသိနားမလည်ခြင်းကြောင့် ရပ်တည်ရန်ခက်ခဲသော အနေအထားတွင်ရှိနေပါသည်။ | ရွှေ့ပြောင်းလုပ်သားများနှင့် အလုပ်ရှင်များအကြား ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို သိရှိနားလည်လာအောင် ဆောင်ရွက်ရမည်။ |
| ၃ | မှတ်ပုံတင်မှုစနစ်မှာရွှေ့ပြောင်းအလုပ်သမားများနှင့်အလုပ်ရှင်များအတွက် လုပ်အားများပြားစွာလိုအပ်မှုကို တရားဝင်ဖြည့်ဆည်းပေးနိုင်လောက်အောင် ပြည့်စုံလုံလောက်မှု မရှိပါ။ | ၃/၄ နှစ်တာကာလအတွက် ဆက်လက်မှတ်ပုံတင်နိုင်ရေးခွင့်ပြုရန်၊ မှတ်ပုံတင်ရာတွင် ရွှေ့ပြောင်းအလုပ်သမား၏ ဘာသာစကားဖြင့် ဈေးနှုန်းသက်သာစွာဖြင့်တင်ခွင့်ပြုရန်တို့အတွက်ရွှေ့ပြောင်းအလုပ်သမားများအတွက် မှတ်ပုံတင်မှုစနစ်ကို ပြန်လည်လေ့လာဆန်းစစ်ပြုပြင်သင့်သည်။ |

[10] ပွဲစားများ နှင့် LPN ၏ အဆိုအရ။

***နည်းစနစ်ဆိုင်ရာမှတ်စု***

- ပွဲစားသုံးဦးနှင့်တွေ့ဆုံမေးမြန်းခြင်း
- နယ်မြေခံ အဖွဲ့အစည်းရုံးနှင့်ရပ်ရွာတွင်းရှိရွှေ့ပြောင်းအလုပ်သမားအုပ်စု(၂)စုတို့နှင့်ဆွေးနွေးခြင်း။ ဘာသာပြန်တစ်ဦးက မြန်မာမှအင်္ဂလိပ် နှင့် မြန်မာမှထိုင်း၊ ထိုင်းမှအင်္ဂလိပ် သို့ပြန်ဆိုပေးသည်။ ဖြေကြားသူများမှာ စမုစခွန်ဒေသရှိ LPN နှင့်ဆက်ဆံအကူအညီရယူနေသော ရွှေ့ပြောင်းအလုပ်သမားများမှ ရွေးချယ်ထားသူများဖြစ်သည်။
- LPN ရှိ ၂၀၀၆-၀၇ အတွင်းဖြစ်ပွားခဲ့သော အမှုပေါင်း ၁၀၀ ကျော် ကို လေ့လာသုံးသပ်ခြင်း။
- စမုစခွန်ဒေသတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့် အတူလုပ်ကိုင်နေသော သတင်းပေးပို့သူများနှင့် ဆွေးနွေးခြင်း

***စာရေးသူနှင့်ပတ်သက်၍***

***Labour Rights Promotion Network (LPN) သည် စမုစခွန်ဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးကိုမြှင့်တင်ရေးနှင့်ကာကွယ်ရေးကိုဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။***

**LPN is supported in its work by a number of organizations, including:**

ဤအစီရင်ခံစာနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုခြင်း၊ အကြံပြုလိုခြင်းရှိခဲ့လျှင် **Paul Buckley** **Paul.Buckley@undp.org** ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**UNIAP: www.no-trafficking.org**

ဤအစီရင်ခံစာတွင်ပါဝင်သော အချက်အလက်များသည် UNIAP ၏တရားဝင်ထုတ်ပြန်ထားသော အချက်အလက်များမဟုတ်ပါ။ ဖော်ပြထားသောသတင်းအချက်အလက်များ၊ ထင်မြင်သုံးသပ်ချက်များနှင့်ခိုင်လုံမှန်ကန်မှုတို့သည် မူရင်းသတင်းထုတ်ပြန်သူ၏တာဝန်သာဖြစ်ပါသည်။

# SIREN

**STRATEGIC INFORMATION RESPONSE NETWORK**
**United Nations Inter-Agency Project on Human Trafficking (UNIAP): Phase III**

## Upcoming SIREN releases:

- **Trafficking-related databases in Cambodia**
- **Lawyers fighting exploitation: Prosecuting against labour trafficking in Thailand**
- **Barriers to protection: An analysis of Thai labour laws**
- **Case Study: Exploitation of Cambodian men at sea**

**SIREN is an initiative supported by:**


**United Nations Inter-agency Project on Human Trafficking**
**Regional Project Management Office (UNIAP/PMO)**
**United Nations Building**
**7th Floor, Block B**
**Rajadamnern Nok Avenue, Bangkok 10200**
**THAILAND**

**www.no-trafficking.org**